**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သံရုံး**

**ပရာ့ဂ်မြို့**

# မြန်မာနိုင်ငံသားများ နိုင်ငံကူးလက်မှတ် သက်တမ်းတိုး/အသစ်ထုတ်ပေးခြင်း၊ ပျောက်ဆုံး/ပျက်စီးလျှောက်ထားခြင်းနှင့် ကောင်စစ်ဆိုင်ရာများအတွက် သိကောင်းစရာအချက်အလက်များ

၁။ မြန်မာနိုင်ငံသားများ၏ သာမန်မြန်မာနိုင်ငံကူးလက်မှတ်များ သက်တမ်းကုန်ဆုံးခြင်းအတွက် သက်တမ်းတိုး/အသစ်ထုတ်ပေးနိုင်ရန် လျှောက်ထားနိုင်ပါသည်။ အသစ်ထုတ်ပေးသည့် သာမန်မြန်မာနိုင်ငံကူးလက်မှတ်၏ သက်တမ်းမှာ(၅)နှစ်ဖြစ်ပြီး သက်တမ်းမကုန်ဆုံးမီ (၆)လအလိုတွင် ကြိုတင်လျှောက်ထားရန် လိုအပ်ပါသည်။

၂။ သာမန်မြန်မာနိုင်ငံကူးလက်မှတ် သက်တမ်းတိုး/အသစ်လျှောက်ထားရာတွင် အောက်ဖော်ပြပါအတိုင်း သက်ဆိုင်ရာအမျိုးအစားအလိုက် လျှောက်ထားနိုင်ပါသည်-

(က) အလုပ်လုပ်ကိုင်သူများ

(ခ) အလုပ်လုပ်ကိုင်သူ မြန်မာနိုင်ငံသားအား မှီခိုသူများ

(ဂ) နိုင်ငံခြားသား ခင်ပွန်း/ဇနီး၏ မှီခိုသူများ

(ဃ) ကျောင်းသူ/ကျောင်းသားများ

(င) မြန်မာနိုင်ငံကူးလက်မှတ် ပျောက်ဆုံး/ပျက်စီးခြင်းအတွက်အသစ်လျှောက်ထားသူများ

(စ) နိုင်ငံကူးလက်မှတ်အမျိုးအစား ပြောင်းလဲခွင့် လျှောက်ထားသူများ

၃။ နိုင်ငံကူးလက်မှတ်အမျိုးအစားအပေါ်မူတည်ပြီး လိုအပ်သည့် စာရွက်စာတမ်းများအား အောက်ပါအတိုင်း ဖြစ်ပါသည်-

## (က) အလုပ်လုပ်ကိုင်သူများ

- ကိုယ်ရေးလျှောက်လွှာ
- မြန်မာနိုင်ငံသား ကောင်စစ်ရေးရာကိစ္စရပ်များ ဆောင်ရွက်ရာတွင် ဖြည့်စွက်ရမည့် ကိုယ်ရေးရာဇဝင်ပုံစံ

- နိုင်ငံကူးလက်မှတ်စာအုပ်မူရင်း
- နိုင်ငံကူးလက်မှတ်စာအုပ်မိတ္တူ (စာအုပ်တစ်ခုလုံး)
- (၆)လ အတွင်း ရိုက်ကူးထားသော အဖြူနောက်ခံနှင့် ရိုက်ထားသည့် Passport size ရောင်စုံဓါတ်ပုံ (၂)ပုံ
- သက်ဆိုင်ရာနိုင်ငံတွင် နေထိုင်ခွင့်ကဒ်မိတ္တူ (လိုအပ်ပါက မူရင်းပြသရမည်ဖြစ်သည်။)
- ဗီဇာအထောက်အထား
- အလုပ်ရှင်-အလုပ်သမားစာချုပ်မိတ္တူ
- နိုင်ငံသားမှတ်ပုံတင်ကဒ်မိတ္တူ
- မြန်မာနိုင်ငံရှိအိမ်ထောင်စုစာရင်းမိတ္တူ
- နိုင်ငံကူးလက်မှတ်အသစ်ခ ယူရို ၇၀ (နိုင်ငံကူးလက်မှတ်စာအုပ်ဖိုး + စာတိုက်ပို့ခများ)
- ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၏ ၂၂-၁၁-၂၀၂၃ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၇၉/ ၂၀၂၃ အရ ၁-၁၀-၂၀၂၃ ရက်နေ့မှစတင်၍ သက်ဆိုင်ရာ နိုင်ငံအလိုက် သတ်မှတ်ထားသည့် ဝင်ငွေခွန်အား ပေးဆောင်ရပါမည်။ မြန်မာသံရုံးမှ အခွန်ပေးသွင်းမှု အထောက်အထားပြေစာအား ထုတ်ပေးမည်ဖြစ်ပါသည်။
- စာတိုက်မှ ပေးပို့လျှောက်ထားခြင်းဖြစ်ပါက ကာယကံရှင်မှ မြန်မာသံရုံး၊ ပရာ့ဂ်မြို့၏အီးမေးလ် (email: meprague@email.cz)သို့ စာရွက်စာတမ်းအပြည့်အစုံအား ကနဦး ပေးပို့ပေးရမည်ဖြစ်ပြီး၊ မြန်မာသံရုံးမှ စိစစ်ပြီး စာရွက်စာတမ်း ပြည့်စုံကြောင်း အတည်ပြုပြီးပါက စာတိုက်မှတစ်ဆင့် ပေးပို့လျှောက်ထားနိုင်ပါသည်။ (ဟန်ဂေရီနိုင်ငံနှင့် ဂျော်ဂျီယာနိုင်ငံတို့တွင် နေထိုင်သူများသာလျှင် စာတိုက်ဖြင့်လျှောက်ထားခြင်းကို လက်ခံမည်ဖြစ်ပြီး သံရုံးသို့ ပေးပို့ရာတွင်လည်း စာတိုက်မှပေးအပ်သည့် Tracking Code ကို သံရုံးသို့ အချိန်နှင့်တပြေးညီ အီးမေးလ်ဖြင့် မပျက်မကွက် ပေးပို့ရမည်ဖြစ်ပါသည်။)
- ကာယကံရှင်ထံ စာတိုက်မှ ပြန်လည်ပေးပို့ရမည့် လိပ်စာအား ပြည့်စုံစွာ ရေးသားဖော်ပြပေးပါရန်နှင့် ပြည့်စုံစွာ ဖြည့်စွက်ထားခြင်းမရှိပါသဖြင့် စာတိုက်မှ ပေးပို့ရာတွင် ပျောက်ဆုံးခြင်းများ ဖြစ်ပွားပါက ကာယကံရှင်၏ တာဝန်သာ ဖြစ်ပါသည်။

**(ခ) အလုပ်လုပ်ကိုင်သူ မြန်မာနိုင်ငံသားအား မှီခိုသူများ**

- အလုပ်လုပ်ကိုင်သည့် မြန်မာနိုင်ငံသား၏ အထက်ဖော်ပြပါ (က) အမျိုးအစားတွင် ဖော်ပြထားသည့် အချက်အလက်များအပြင် အလုပ်လုပ်ကိုင်ခြင်းမရှိဘဲ မှီခိုသူအဖြစ် နေထိုင်ကြောင်း ကတိဝန်ခံချက် တင်ပြရပါမည်။
- မှီခိုနေထိုင်သူအဖြစ် တင်ပြရာတွင် ခိုင်လုံခြင်းမရှိပါက (က)အမျိုးအစား အတိုင်း လိုက်နာဆောင်ရွက်ရမည်ဖြစ်ပါသည်။

**(ဂ) နိုင်ငံခြားသား ခင်ပွန်း/ဇနီး၏ မှီခိုသူများ**

- အထက်ဖော်ပြပါ (က) အမျိုးအစားတွင် ဖော်ပြထားသည့် အချက်အလက်များထဲတွင် အလုပ်လုပ်ကိုင်ခြင်းအထောက်အထား၊ ဝင်ငွေခွန်ဆောင်ခြင်းမှလွဲ၍ ကျန်အချက်အလက်များ တင်ပြရပါမည်။
- နိုင်ငံခြားသားနှင့် လက်ထပ်ထိမ်းမြားထားသည့် အထောက်အထားမိတ္တူ၊ နိုင်ငံခြားသား ခင်ပွန်း/ဇနီး၏ နိုင်ငံကူးလက်မှတ်မိတ္တူ၊ နိုင်ငံသားလက်မှတ် အထောက်အထားမိတ္တူတို့ကို တင်ပြရပါမည်။
- (ဂ)အမျိုးအစားလျှောက်ထားသူသည် Air Deposit အဖြစ် ယူရို(၁၀၀၀) သံရုံးတွင် Deposit တင်သွင်းထားရမည်ဖြစ်ပြီး (၃)နှစ်ကြာပြီးနောက် နိုင်ငံခြားသားခင်ပွန်း/ဇနီးနှင့် အခက်အခဲမရှိအဆင်ပြေပါက သံရုံးသို့ ပြန်လည်လာရောက်၍ တင်သွင်းစဉ်က ထုတ်ပေးထားသည့် ငွေရပြေစာ အထောက်အထားနှင့် ပြန်လည်ထုတ်ယူနိုင်ပါသည်။

**(ဃ) ကျောင်းသူ/ကျောင်းသားများ**

- အထက်ဖော်ပြပါ (က) အမျိုးအစားတွင် ဖော်ပြထားသည့် အချက်အလက်များထဲတွင် အလုပ်လုပ်ကိုင်ခြင်းအထောက်အထား၊ ဝင်ငွေခွန်ဆောင်ခြင်းမှလွဲ၍ ကျန်အချက်အလက်များ တင်ပြရပါမည်။
- သက်ဆိုင်ရာတက္ကသိုလ်တွင် တက်ရောက်နေကြောင်း ထောက်ခံစာ၊ ကျောင်းသားကဒ်တို့ကို တင်ပြရပါမည်။

**(င) မြန်မာနိုင်ငံကူးလက်မှတ်ပျောက်ဆုံး/ပျက်စီးခြင်းအတွက်အသစ်လျှောက်ထားသူများ**

- အမျိုးအစားအလိုက် အထက်ဖော်ပြပါ လိုအပ်သည့် စာရွက်စာတမ်းများ အပြင် နိုင်ငံကူးလက်မှတ်ပျောက်ဆုံးကြောင်း သတင်းပို့ထားသည့် ရဲစခန်း ထောက်ခံစာ၊ နိုင်ငံကူးလက်မှတ်ပျောက်ဆုံး/ပျက်စီးခြင်းအတွက် ပြန်လည် ထုတ်ပေးရန် သီးသန့်ကိုယ်ရေးလျှောက်လွှာ တို့ကိုပါ တင်ပြရပါမည်။
- မြန်မာနိုင်ငံကူးလက်မှတ် ပျောက်ဆုံးမှုအတွက် အသစ်လျှောက်ထားမှုများ အား မြန်မာသံရုံးမှစိစစ်၍ ထောက်ခံချက်ဖြင့် မြန်မာနိုင်ငံရှိ နိုင်ငံခြားရေး ဝန်ကြီးဌာနမှတဆင့် ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံကူးလက်မှတ် ထုတ်ပေးရေးအဖွဲ့သို့ ပေးပို့တင်ပြခွင့်ပြုချက်ရယူရပြီး၊ ခွင့်ပြုချက်ရရှိသည့် အခါမှသာ အသစ်ထုတ်ပေးနိုင်ပါကြောင်း အသိပေးဖော်ပြအပ်ပါသည်။

**(စ) နိုင်ငံကူးလက်မှတ်အမျိုးအစား ပြောင်းလဲခွင့် လျှောက်ထားသူများ**

- ကျောင်းသားအဖြစ်မှ အလုပ်လုပ်ကိုင်သူအဖြစ်သို့လည်းကောင်း၊ အလုပ် လုပ်ကိုင်သူအဖြစ်မှ ကျောင်းသားအဖြစ်သို့လည်းကောင်း၊ အလုပ်လုပ်ကိုင် သူအဖြစ်မှ မှီခိုသူအဖြစ် သို့လည်းကောင်း၊ မှီခိုသူအဖြစ်မှ အလုပ်လုပ် ကိုင်သူအဖြစ်သို့ လည်းကောင်း၊ သင်္ဘောသားအဖြစ်မှ ကုန်းပေါ်တွင် အလုပ် လုပ်ကိုင်သူအဖြစ်သို့လည်းကောင်း နိုင်ငံကူးလက်မှတ်အမျိုးအစား များအား ပြောင်းလဲလျှောက်ထားနိုင်ပါသည်။

- အထက်ပါ(က)အမျိုးအစားတွင် ဖော်ပြထားသည့် အချက်အလက်များအပြင် အောက်ပါအချက်များအားလည်း လိုအပ်သည့်အတိုင်း တင်ပြရန် ဖြစ်ပါသည်-

  (កက) သင်္ဘောသားဖြစ်ပါက CDC မူရင်းနှင့် မိတ္တူ၊

  ( ခခ ) ကျောင်းသားအဖြစ် လျှောက်ထားပါက ကျောင်းသားကတ် မိတ္တူ နှင့် ကျောင်းတက်ကြောင်း သက်ဆိုင်ရာကျောင်းမှ ထုတ်ပေးသည့် အထောက်အထား၊ အလုပ်လုပ်ကိုင်သူအဖြစ် ပြောင်းလဲလျှောက် ထားပါက အလုပ်ခန့်စာမိတ္တူ၊မှီခိုသူအဖြစ် ပြောင်းလဲလျှောက်ထား ပါကမည်သူ့အားမှီခိုကြောင်းဖော်ပြ၍ တော်စပ်ပုံအထောက်အထား မိတ္တူ၊ သင်္ဘောသားအဖြစ်မှ ကုန်းပေါ်တွင် အလုပ် လုပ်ကိုင်သူ အဖြစ် ပြောင်းလဲလျှောက်ထားပါက သင်္ဘောသားအဖြစ် ဝင်ငွေခွန် ပေးဆောင်ခဲ့သော ပြေစာ။

၄။ ပြည်ပတွင်နေထိုင်လျက်ရှိသည့် မြန်မာနိုင်ငံသားများသည် ကျောင်းသားဖြစ်ပါက တက္ကသိုလ်တက်ရောက်ရာတွင် လိုအပ်သည့်စာရွက်စာတမ်းများ ထောက်ခံစာရယူခြင်း၊ နိုင်ငံခြားသားနှင့် လက်ထပ်ထိမ်းမြားရာတွင် လိုအပ်သည့်စာရွက်စာတမ်းများအား ထောက်ခံစာရယူခြင်း၊ မြန်မာနိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ထပ်ဆင့်ထောက်ခံထားသည့် နိုတြီဘာသာပြန်များအား သံရုံးတံဆိပ်ထပ်ဆင့်ထောက်ခံမှုရယူခြင်း၊ အလုပ်လုပ်ကိုင်နေသူများအတွက် လိုအပ်သည့် စာရွက်စာတမ်းထောက်ခံစာရယူခြင်းတို့ကို မြန်မာသံရုံး၊ပရာ့ဂ်မြို့သို့ ဆက်သွယ်လျှောက်ထား ဆောင်ရွက်နိုင်ပါသည်။ ထို့အပြင် မြန်မာနိုင်ငံသားအကျိုးစီးပွား ကာကွယ်ရန်လိုအပ်ခြင်း ဥပမာ လူကုန်ကူးခံရခြင်း၊ လုယက်ခံရခြင်းနှင့် ကောင်စစ်ဆိုင်ရာပံ့ပိုးမှုလိုအပ်ခြင်းတို့အတွက် သံရုံးသို့ အချိန်မရွေး ဆက်သွယ်၍ အကူအညီတောင်းခံနိုင်ပါသည်။

## ၅။ ပြည်ပနေမြန်မာနိုင်ငံသားများ လိုက်နာဆောင်ရွက်နိုင်ရန် သိရှိသင့်သည့် ထုတ်ပြန်ကြေညာချက်များ

### သာမန်မြန်မာနိုင်ငံကူးလက်မှတ် (PJ) အမျိုးအစားကိုင်ဆောင်ထားသူများ ပြည်ပအလုပ်အကိုင် အလုပ်သမားသက်သေခံကတ်(Oversea Worker Identification Card-OWIC) ကိုင်ဆောင်ရေးဆိုင်ရာ အသိပေးကြေညာချက်

၁။ သာမန်မြန်မာနိုင်ငံကူးလက်မှတ်(PJ)အမျိုးအစား ကိုင်ဆောင်ထားသူ မြန်မာနိုင်ငံသားများ (သို့မဟုတ်) အကြောင်းအမျိုးမျိုးဖြင့် ပြည်ပနိုင်ငံများသို့ ရောက်ရှိနေပြီး မြန်မာနိုင်ငံကူးလက်မှတ် (PJ) အမျိုးအစားကိုင်ဆောင်၍ အလုပ်လုပ်ကိုင်ခွင့်ပါမစ်၊ အမြဲတမ်းနေထိုင်ခွင့်ပါမစ်၊ စီးပွားရေးပါမစ်များဖြင့် နေထိုင်လုပ်ကိုင်ကြသူများအနေဖြင့် (အကြောင်းအမျိုးမျိုးဖြင့် မိခင်နိုင်ငံသို့ ပြန်လာပြီး အပြည်ပြည်ဆိုင်ရာလေဆိပ်၊ နယ်စပ်ဂိတ်များမှတစ်ဆင့် ပြည်ပနိုင်ငံများသို့ ပြန်လည်ထွက်ခွာမည်ဆိုပါက) ပြည်ပအလုပ်အကိုင် အလုပ်သမားသက်သေခံကတ်(OWIC) များအား မဖြစ်မနေ ကိုင်ဆောင်ထားရမည်ဖြစ်ကြောင်း အလုပ်သမားဝန်ကြီးဌာနမှ ပြဋ္ဌာန်းထုတ်ပြန်ထားပါသဖြင့် ပူးတွဲပါသတ်မှတ်ချက် အထောက်အထား မှန်ကန်ပြည့်စုံစွာဖြင့် အလုပ်သမားဝန်ကြီးဌာနသို့ တင်ပြလျှောက်ထားရန် လိုအပ်ပါကြောင်း၊ (OWIC)ကတ် ကိုင်ဆောင်ထားမှုရှိမှသာ ပြည်ပသို့ ပြန်လည်ထွက်ခွာခွင့် ရရှိမည်ဖြစ်ပါကြောင်းနှင့် (OWIC)ကတ် ပြုလုပ်မှုနှင့် လျှောက်ထားလာမှု များအား အလုပ်သမားဝန်ကြီးဌာနမှ စိစစ်ခွင့်ပြုထုတ်ပေးလျက်ရှိပါကြောင်း အသိပေးအပ်ပါသည်။

၂။ ပြည်ပအလုပ်အကိုင် အလုပ်သမားသက်သေခံကတ်(OWIC)များ လျှောက်ထားခြင်းနှင့် ပတ်သက်၍ အလုပ်သမားဝန်ကြီးဌာန၏ Website ဖြစ်သော https://www.mol.gov.mm ၊ Safe Migration Facebook Page ၊ Safe Migration Telegram Channel များတွင် အသေးစိတ် ဝင်ရောက်ဖတ်ရှုနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

၃။ လက်ရှိတွင် မြန်မာနိုင်ငံကူးလက်မှတ်(PJ)အမျိုးအစား ကိုင်ဆောင်၍ ပြည်ပနိုင်ငံများတွင် ကိုယ်ပိုင်စီးပွားရေးလုပ်ငန်း လုပ်ကိုင်နေသူများ၊ အသက်အရွယ်ကြီးရင့်ပြီး အငြိမ်းစားဝန်ထမ်း ဖြစ်သူများနှင့် မှီခိုနေထိုင်သူများဖြစ်ပါက ကိုင်ဆောင်ထားသည့် နိုင်ငံကူးလက်မှတ် သက်တမ်း ကုန်ဆုံး၍ သက်တမ်းတိုးအသစ်လျှောက်ထားလျှင် အခြားသက်ဆိုင်ရာ နိုင်ငံကူးလက်မှတ် အမျိုး အစားအား ပြောင်းလဲလျှောက်ထားရန်ဖြစ်ပါကြောင်းနှင့် မြန်မာသံရုံးမှ သက်ဆိုင်ရာနိုင်ငံကူး လက်မှတ်အမျိုးအစားအား စိစစ်ထုတ်ပေးသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**သံရုံးလိပ်စာနှင့် ဆက်သွယ်နိုင်သည့် ဖုန်းနံပါတ်များ**

**Embassy of the Republic of the Union of Myanmar, Prague**
Václavské nám. 1282/51, 110 00 Nové Město
Prague-1, Prague, Czech Republic
Email : meprague@email.cz, prague-embassy@mofa.gov.mm
Office : +420 233 331 577
ကောင်စစ်တာဝန်ခံအရာရှိ
Tel : + 420 222 220 279

**မြန်မာသံရုံး၊ ပရာ့ဂ်မြို့**
**၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်**